
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လီနင်

"တိုင်းပြည်အားလုံးမှ အလုပ်သမားများ ညီညွတ်ကြ" ဆိုတဲ့ ကြွေးကြော်သံကို မြင့်မြင့်မားမားလွှင့်ထူထားတဲ့ ကမ္ဘာ့အလုပ်သမားလှုပ်ရှားမှုကြီးရဲ့ အစိတ်အပိုင်း တရပ် ဖြစ်လာပါလိမ့်မယ်။

မှတ်ချက်။ ။ "သပိတ်တိုက်ပွဲ" ဆောင်းပါးကို လီနင်သည် ပြည်ပတွင် တိမ်းရှောင်နေစဉ် (၁၈၉၉ နှစ်ကုန်ပိုင်းတွင်) "အလုပ်သမားသတင်းစာ" အတွက် ရေးသားခဲ့ခြင်း ဖြစ်သည်။ ဆောင်းပါး၏ ပထမပိုင်း (ယခု ဖော်ပြထားသည့်အပိုင်း) ကိုသာ မာ့က်စ်လီနင်ဝါဒတက္ကသိုလ် မော်ကွန်းတိုက်တွင် တွေ့ရှိရသည်။ တခြားအပိုင်းများ ရေးသားခဲ့ခြင်း ရှိမရှိ မသိရပါ။

၁၉၆၄ ခုနှစ် မော်စကိုထုတ် လီနင်လက်ရွေးစင်ကျမ်း အတွဲ (၄) ပါ ဆောင်းပါးကို ဘာသာပြန်ဆိုပါသည်။

ဗဟိုသုတေသနဌာန
ဗမာပြည်ကွန်မြူနစ်ပါတီ
ဒီဇင်ဘာ၊ ၂၀၁၀ ခုနှစ်။



## သပိတ်တိုက်ပွဲ
## (လီနင် – ၁၈၉၉)

မကြာသေးခင်နှစ်များအတွင်း ရုရှားမှာ အလုပ်သမားသပိတ်တွေဖြစ်တာ အလွန်စိတ်လာတယ်။ စက်မှုထွန်းကားတဲ့ ပြည်နယ်တိုင်းမှာ သပိတ်တွေ ပေါက်ဖွားလာပါတယ်။ မြို့ကြီးတွေမှာ သပိတ်တိုက်ပွဲတွေ ဆက်တိုက်ပဲ။ ရပ်တယ်လို့ကို မရှိဘူး။ ဒါ့ကြောင့် သပိတ်တွေရဲ့ အရေးပါမှု၊ သပိတ်တိုက်ပွဲများကို လမ်းညွှန်တဲ့နည်းနာနဲ့ ဆိုရှယ်လစ်များ သပိတ်တိုက်ပွဲထဲ ပါဝင်ရေးတာဝန်စတဲ့ ပြဿနာတွေကို လူတန်းစားအသိနိုးကြားတဲ့ အလုပ်သမားများနဲ့ ဆိုရှယ်လစ်များ ဆွေးနွေးပြောဆိုတာ သဘာဝကျစွာပဲ များပြားလှပါတယ်။

ဒီပြဿနာတွေအပေါ် ကျွန်တော်တို့ ဘယ်လိုမြင်တယ်ဆိုတာကို ရှင်းပြလိုပါတယ်။ ပထမအပိုင်းမှာ အလုပ်သမားလှုပ်ရှားမှုကြီးအတွင်း သပိတ်တိုက်ပွဲများရဲ့ အရေးပါမှုကို အကြမ်းဖျင်း ပြောပါမယ်။ ဒုတိယအပိုင်းမှာ ရုရှားနိုင်ငံရဲ့ သပိတ်တားဆီးနှိမ်နင်းရေးဥပဒေများအကြောင်း ဆွေးနွေးပါမယ်။ တတိယအပိုင်းမှာ ရုရှားနိုင်ငံမှာ သပိတ်တိုက်ပွဲ ဆင်နွှဲခဲ့ပုံ၊ ဆင်နွှဲနေပုံနဲ့ အသိနိုးကြားတဲ့ အလုပ်သမားများအနေနဲ့ သပိတ်တွေအပေါ် ဘယ်လိုသဘောထားသင့်ပုံတို့ကို ဆွေးနွေးပါမယ်။ [ဒီဆောင်းပါးမှာ ပထမပိုင်းကိုသာ ဆွေးနွေးထား



www.burmeseclassic.com

www.burmeseclassic.com



တယ်။]

ဦးစွာ သပိတ်တွေ ပေါက်ဖွား၊ ကျယ်ပြန့်လာရတဲ့ အကြောင်းရင်းကို ကြည့်ရအောင်ပါ။ ကိုယ်ပိုင်အတွေ့အကြုံအရဖြစ်စေ၊ တဆင့်စကား သို့မဟုတ် သတင်းစာများမှ သိရချက်အရဖြစ်စေ သပိတ်အကြောင်း ခေါင်းထဲပေါ်လာသူတိုင်း ချက်ချင်းစဉ်းစားမိမှာက စက်ရုံကြီးတွေ တည်ဆောက်ထားတဲ့၊ များပြားလာတဲ့ နေရာတွေမှာ သပိတ်တွေ ပေါက်ဖွားကျယ်ပြန့်ကြစမြဲပါလား ဆိုတာပါပဲ။ အလုပ်သမားရာချီ (တချို့ဆိုထောင်ချီ) ရှိတဲ့ စက်ရုံကြီးတိုင်းလိုလို သပိတ်တိုက်ပွဲပေါ်ဖူးတာချည်းပဲ။ ဟိုတုန်းက ရုရှားမှာ စက်ရုံကြီးတွေ မများခင်က သပိတ်ဖြစ်တာလည်း မများပါဘူး။ ဒါပေမဲ့ စက်မှုဇုံနယ်ဟောင်းတွေနဲ့ မြို့သစ်ရွာသစ်တွေမှာ စက်ရုံကြီးတွေ အလျင်အမြန် ပေါ်ပေါက်လာတဲ့ အချိန်ကစပြီး သပိတ်တိုက်ပွဲတွေလည်း မကြာမကြာ ပေါ်လာပါတယ်။

စက်ရုံကြီးများရဲ့ ကုန်ထုတ်လုပ်ရေးစနစ်က ဘာကြောင့်များ သပိတ်တွေကို ပေါ်ပေါက်စေတာပါလဲ။ အရင်းရှင်စနစ်က အလုပ်သမားနဲ့ အလုပ်ရှင်ကြား တိုက်ပွဲဆင်မှုကို မုချပေါ်ပေါက်စေလို့ပါပဲ။ နောက်ပြီး ကုန်ထုတ်လုပ်မှုဟာ အကြီးစားဆန်လာတဲ့ အခါမှာ အဆိုပါတိုက်ပွဲဆင်မှုဟာ သပိတ်ဆိုတဲ့သဏ္ဍာန်နဲ့ ဖြစ်ကိုဖြစ်လာရတာကြောင့်ပါပဲ။

ဒါကို ရှင်းပြပါရစေ။

မြေယာ၊ စက်ရုံ၊ အလုပ်ကိရိယာစတာတွေကို လက်တဆုပ်စာ မြေယာပိုင်ရှင်များ၊ အရင်းရှင်များက ပိုင်ဆိုင်ပြီး လူအများစုကြီးကတော့ ဘာခနေမှ မပိုင်ဆိုင် သို့မဟုတ် ခနေအနည်းငယ်မျှသာ ပိုင်ဆိုင်ကြတဲ့အတွက် အလုပ်သမားအဖြစ် အငှားအလုပ် လုပ်ကြရတဲ့ လူမှုစနစ်ကို အရင်းရှင်စနစ်လို့ ခေါ်ဝေါ်ပါတယ်။ မြေရှင်တွေ၊ စက်ရုံပိုင်ရှင်တွေက အလုပ်သမားတွေကိုငှားပြီး အဖုံဖုံသော ပစ္စည်းများကို ထုတ်လုပ်ခိုင်းကာ ဈေးကွက်မှာ ရောင်းချကြတယ်။ စက်ရုံပိုင်ရှင်တွေက အလုပ်သမားကို သူနဲ့သူ့မိသားစု မသေရုံတမယ်လုပ်ခသာ ပေးတယ်။ အလုပ်သမားရဲ့လုပ်အားက ဖန်တီးလိုက်တဲ့တန်ဖိုးတွေထဲက အဲဒီ လုပ်ခမှအပသော တန်ဖိုးတွေဟာ အမြတ်ငွေအဖြစ် စက်ရုံပိုင်ရှင်ရဲ့အိတ်ကပ်ထဲ





ရှေ့မှာလည်း ပြောခဲ့ပြီးပါပြီ။ တကယ်တော့ အလုပ်သမားအခွင့်အရေးအတွက်ရော၊ ပြည်သူတရပ်လုံးရဲ့ အခွင့်အရေးအတွက်ပါ အစိုးရနဲ့ တိုက်ပွဲဆင်တောင်းဆိုကြဖို့ သပိတ်တွေက အနိုင်နိုင်ငံ အလုပ်သမားတွေကို တဖြည်းဖြည်းချင်း နားလည်လာအောင် သင်ပေးခဲ့တာပါ။ ရှေ့မှာ ဆိုခဲ့သလိုပဲ ဒီလိုအစိုးရနဲ့ တိုက်ပွဲဆင်တာကို ဆိုရှယ်လစ်ဝါဒ အလုပ်သမားပါတီ တရပ်ကသာလျှင် ခေါင်းဆောင်ဆင်နွှဲနိုင်ပါတယ်။ ဒီပါတီကသာလျှင် အစိုးရရဲ့ တကယ့်သဘောသဘာဝ၊ အလုပ်သမားလူတန်းစား အရေးတော်ပုံရဲ့ သဘောသဘာဝတို့ကို အလုပ်သမားတွေ နားလည်အောင် ရှင်းပြနိုင်လို့ ဖြစ်ပါတယ်။ (ရုရှားနိုင်ငံမှာ ရုရှားက သပိတ်တွေအကြောင်း၊ အသိနိုးကြားတဲ့ အလုပ်သမားတွေအနေနဲ့ သပိတ်နည်းနာကို ဘယ်လိုသုံးသင့်တယ်ဆိုတဲ့အကြောင်းတွေကိုတော့ နောက်တကြိမ်ကျမှာ ဆွေးနွေးပါမယ်။) အခုဒီမှာ ထပ်ပြောလိုတာက သပိတ်တွေဟာ "စစ်ကျောင်းတော်ကြီး" ပါ။ စစ်ပွဲစစ်စစ်တော့ မဟုတ်ပါ။ သပိတ်ဆိုတာ တိုက်ပွဲနည်းနာတခု၊ အလုပ်သမားလှုပ်ရှားမှုအတွင်းက မျက်နှာစာ တခုမျှသာ ဖြစ်ပါတယ်။ သပိတ်တိုက်ပွဲ တခုချင်းတွေကတဆင့် လုပ်သားပြည်သူလူထုတရပ်လုံး လွတ်မြောက်ရေးအတွက် အလုပ်သမားလူတန်းစားတရပ်လုံးက ဦးတည်တိုက်ပွဲဆင်တဲ့ တိုက်ပွဲကြီးအဖြစ်ပြောင်းအောင် လုပ်ရမယ်။ လုပ်လည်း လုပ်နိုင်ပါတယ်။ နိုင်ငံတိုင်းက အလုပ်သမားတွေဟာ ဒါကို လုပ်လည်း လုပ်နေကြပါတယ်။ လူတန်းစားအသိ နိုးကြားတဲ့ အလုပ်သမားအားလုံး ဆိုရှယ်လစ်တွေ ဖြစ်လာတဲ့အခါ၊ တနည်းအားဖြင့် ပြည်သူ့လွတ်မြောက်ရေးအတွက် လုံးပန်းတိုက်ခိုက်လာကြတဲ့အခါ၊ အလုပ်သမားတွေအကြား ဆိုရှယ်လစ်ဝါဒ ဖြန့်ချိရှင်းလင်းပေးဖို့၊ ရန်သူအပေါ် တိုက်ပွဲဆင်ရေးနည်းနာအားလုံး သင်ကြားပေးဖို့ တနိုင်ငံလုံး စည်းလုံးလာကြတဲ့အခါ၊ ပြည်သူတရပ်လုံး အစိုးရရဲ့ ဖိနှိပ်မှုအောက်က လွတ်မြောက်ဖို့နဲ့ လုပ်သားထုတရပ်လုံး ခနေအရင်းရဲ့ထမ်းပိုးအောက်က လွတ်မြောက်ဖို့ တိုက်ပွဲဝင်တဲ့ ဆိုရှယ်လစ်ဝါဒအလုပ်သမားပါတီတရပ် ထူထောင်လာကြတဲ့အခါ အဲဒီလိုအခါမျိုး ရောက်မှသာလျှင် အလုပ်သမားတွေဟာ ကမ္ဘာ့ရှိရှိသမျှ အလုပ်သမားများကို စည်းလုံးညီညွတ်စေပြီး

မထားပါနဲ့။ ထည့်မယ့်လူ နည်းရင်လည်း ရန်ပုံငွေအဖွဲ့ဆိုတာ အသုံးဝင်လှမယ် မဟုတ်ပါ။ နောက်ပြီး အလုပ်သမားသမဂ္ဂတွေ တရားဝင်လွတ်လွတ်လပ်လပ် ထောင်လို့ရပြီး၊ သုံးစွဲဖို့ရန်ပုံငွေတောင့်တင်းကြတဲ့ နိုင်ငံတွေမှာတောင် အလုပ်သမားလူတန်းစားဟာ မိမိရဲ့တိုက်ပွဲနည်းနာအဖြစ် သပိတ်တိုက်ပွဲနည်းကိုပဲ အားကိုးနေလို့ မဖြစ်ပါ။ (ရုရှားမှာ ဒီနေ့ဖြစ်တော့မယ့်ပုံမျိုးလို၊ စီးပွားပျက်ကပ် တခုဖြစ်လို့) စက်မှုလုပ်ငန်း ရပ်ဆိုင်းသွားတာနဲ့ စက်ရုံပိုင်ရှင်တွေကိုယ်တိုင် ကတောင် သပိတ်တွေပေါ်အောင် တမင်တကာ ဖန်တီးတတ်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအခါမျိုးမှာ စက်ရုံတွေ ကာလတခု နားပစ်တာ၊ အလုပ်သမားရန်ပုံငွေတွေ ခန်းခြောက်သွားစေတာဟာ သူတို့အတွက် အကျိုးရှိလို့ပါပဲ။ ဒါကြောင့် အလုပ်သမားတွေအနေနဲ့ ဘယ်အခြေအနေမျိုးမှာပဲဖြစ်ဖြစ်၊ သပိတ်နဲ့သပိတ်အဖွဲ့အစည်းတွေလောက်နဲ့ပဲ ကျေနပ်နေလို့ မဖြစ်ပါဘူး။ ရန်ပုံငွေကိစ္စအပြင် ဒုတိယအချက်ကတော့ သပိတ်တိုက်ပွဲတွေ ချောမော အောင်မြင်ဖို့ဆိုတာ အလုပ်သမားတွေ လူတန်းစားအသိနိုးကြားမှု လုံလောက်စွာ ရှိနေပါမှ၊ သပိတ်အတွက် အခါကောင်းကို ရွေးခြယ်နိုင်ပါမှ၊ ကိုယ်တောင်းဆိုချက်တွေ ဘယ်လိုတင်ရမယ်ဆိုတာ သိပါမှ၊ ဆိုရှယ်လစ်တွေနဲ့ ဆက်သွယ်ထားပြီး သူတို့မှတဆင့် စာရွက်စာတမ်းတွေ ရေးသားဖြန့်ဝေ နိုင်ပါမှသာ ဖြစ်နိုင်တာပါ။ ရုရှားမှာ ဒီလိုအလုပ်သမားမျိုး အရေအတွက် အတော်နည်းပါသေးတယ်။ များလာအောင် အတော်ကြိုးစားအားထုတ်ရ ပါဦးမယ်။ များလာမှ အလုပ်သမားထုကြီးအနေနဲ့ အလုပ်သမားလူတန်းစား အရေးကို သိနားလည်လာမှာပါ။ ဆိုရှယ်လစ်ဝါဒအကြောင်း၊ အလုပ်သမားလူတန်းစား ဆင်နွှဲရမယ့်တိုက်ပွဲအကြောင်းတွေ နားလည်လာမှာပါ။ ဒါတွေ ဖြစ်လာအောင် ဆိုရှယ်လစ်များနဲ့ အသိနိုးကြားတဲ့ အလုပ်သမားများ ပူးပေါင်းလုပ်ကြရမယ်။ ဒီအတွက် ဆိုရှယ်လစ်ဝါဒ အလုပ်သမားပါတီတရပ် ထူထောင်ဖို့ ပူးပေါင်းကြိုးစားကြရပါမယ်။ တတိယအချက်အနေနဲ့ အစိုးရဟာ အလုပ်သမားတွေရဲ့ရန်သူ ဖြစ်တယ်၊ အစိုးရနဲ့လည်း တိုက်ပွဲဆင်ရဦးမယ်ဆိုတာ သပိတ်တိုက်ပွဲတွေက အလုပ်သမားများကို သင်ကြားပေးနေပါတယ်။ ဒါကို





ရောက်သွားတယ်။ အရင်းရှင်စနစ်အောက်မှာ လူအများစုကြီးဟာ သူတပါး အတွက် အခစားလုပ်နေကြရသူတွေပါ။ မိမိအတွက် လုပ်နေကြရတာ မဟုတ်ပါ။ လုပ်ခရဖို့အရေး အလုပ်ရှင်တွေအတွက် လုပ်နေကြရတာပါ။ အလုပ်ရှင် ဆိုတာကတော့ လုပ်ခလျှော့ပေးဖို့ အမြဲတမ်းကြိုးစားနေမှာပေါ့။ လုပ်ခလျှော့ချ နိုင်လေ အမြတ်ပိုရလေ ဖြစ်တာကိုး။ အလုပ်သမားဘက်ကဆိုရင်လည်း မိသားစု ကောင်းကောင်းလေး ဝဝလင်လင်လေး စားနိုင်ဖို့၊ အိမ်ကောင်းကောင်းမှာ နေနိုင်ဖို့၊ သူများဝတ်သလို ဝတ်နိုင်ဖို့ တတ်နိုင်သမျှ လုပ်ခအမြင့်ဆုံးရအောင် ကြိုးစားကြတာပါပဲ။ ဒါကြောင့် အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ လုပ်ခနဲ့ ပတ်သက်တဲ့ ပဋိပက္ခ အမြဲရှိနေတာပါ။ အလုပ်ရှင်ဟာ သူကြိုက်တဲ့ အလုပ်သမားကို လွတ်လပ်စွာငှားရမ်းနိုင်တာကြောင့် ဈေးအပေါဆုံး လုပ်သားကို ရှာငှားတာပါပဲ။ အလုပ်သမား (လုပ်အားပိုင်ရှင်) တယောက်အနေနဲ့ကလည်း ကိုယ်ကြိုက်တဲ့ အလုပ်ရှင်ကို လွတ်လပ်စွာရွေးခြယ် အငှားလုပ်နိုင်တာကြောင့် လုပ်ခအများဆုံးပေးတဲ့ အလုပ်ရှင်ကို ရှာလုပ်တာပါပဲ။ အလုပ်သမားဟာ အလုပ်ကို တောမှာပဲရှာရှာ၊ မြို့မှာပဲရှာရှာ မြေရှင်၊ လူချမ်းသာသူဌေး၊ ကန်ထရိုက်ဆွဲသူ၊ စက်ရုံပိုင်ရှင် စတာတွေနဲ့ လုပ်ခအနည်းအများ ဈေးစကား ပြောရစမြဲပဲ။ လုပ်ခပြဿနာမှာ တိုက်ပွဲဆင်ရစမြဲပဲ။

ဒါပေမဲ့ အလုပ်သမားတယောက်ချင်းဟာ ဒီတိုက်ပွဲကို ဆင်နွှဲ အောင်မြင်နိုင်ပါရဲ့လား။ လယ်သမားတွေဟာ ကိုယ့်လယ်ယာလုပ်ငန်းပျက်လို့ မြို့တက် သို့မဟုတ် စက်ရုံတွေဆီ ရွှေ့ပြောင်းအလုပ်လုပ်နေကြတာဖြစ်လို့ အလုပ်သမားအရေအတွက်က တိုးတိုးလာနေတယ်။ မြေပိုင်ရှင်တွေ၊ စက်ရုံ ပိုင်ရှင်တွေက အလုပ်သမားနေရာမှာ စက်ပစ္စည်းတွေ အစားထိုး သုံးသုံးလာ နေကြတယ်။ ဒီတော့ မြို့တွေမှာ အလုပ်လက်မဲ့တွေ၊ တောမှာ ဆင်းရဲသားတွေ များများလာနေတယ်။ ထမင်းမဝတဲ့လူတွေ များလာတော့ လုပ်ခတွေလည်း လျော့လိုက်လာတယ်။ လုပ်သားတဦးချင်းအဖို့ အလုပ်ရှင်နဲ့ တိုက်ပွဲဆင်ရေးဟာ မဖြစ်နိုင်တော့ဘူး။ အလုပ်သမားက လုပ်ခများများတောင်းရင် သို့မဟုတ် လုပ်ခ လျှော့တာ မကျေနပ်ရင် အလုပ်ရှင်က အလုပ်သမားကို ‘မလုပ်ချင်ထွက်ပေါ့။

www.burmeseclassic.com



စက်ရုံဂိတ်ဝမှာ လုပ်ခနည်းနည်းနဲ့ ဝမ်းပန်းတသာလုပ်မယ့်၊ ထမင်းတောင် မဝတဲ့လူတွေ အများကြီး စောင့်နေတယ်’ လို့ ပြောတော့တာပါပဲ။

လူတွေဟာ ဆင်းရဲတွင်းနက်နေကြတယ်။ မြို့တွေ၊ ရွာတွေမှာ အလုပ်လက်မဲ့တွေ အမြဲတောင်လိုပုံနေတယ်။ စက်ရုံပိုင်ရှင်တွေ လက်ထဲမှာလည်း အမြတ်အစွန်းတောင်လို ပုံနေတယ်။ အလုပ်ရှင်ကလေးတွေလည်း သူဌေးသူကြွယ်ကြီးတွေရဲ့ ဖယ်ရှားမှုခံနေရတယ်။ ဒီလိုအခြေအနေမှာ အလုပ်သမားတဦးချင်းအဖို့ အရင်းရှင်နဲ့ ရင်ဆိုင်ရာမှာ လုံးဝစွမ်းအားမဲ့ ဖြစ်ရပါတယ်။ အလုပ်ရှင်အဖို့ကျပြန်တော့ အလုပ်သမားကို ပြားပြားဝပ်နေအောင် ဖိထားနိုင်ပြီး သူ့ကိုသာမက သူ့ဇနီး၊ သားသမီးများကိုပါ ကျေးကျွန်လို ပင်ပင်ပန်းပန်း အလုပ်လုပ်စေနိုင်ပါတယ်။ အလုပ်သမားအခွင့်အရေးတရားဥပဒေအရ အကာအကွယ်မရသေးတဲ့ လုပ်ငန်းတွေမှာ၊ အရင်းရှင်တွေကို မခုခံနိုင်သေးတဲ့ လုပ်ငန်းတွေမှာ အလုပ်ချိန် အလွန်အကျွံရှည်ကြာတာ၊ တချို့ဆိုရင် ၁၇ မှ ၁၉ နာရီထိ ရှည်ကြာတာကို တွေ့ရပါတယ်။ ၅ နှစ် ၆ နှစ်အရွယ် ကလေးတွေ လုပ်ငန်းခွင်မှာ မချိမဆံ့ လုပ်နေကြတာ တွေ့ရပါတယ်။ တဖြည်းဖြည်း ငတ်သေရတော့မယ့် အလုပ်သမားထုကြီးကို တွေ့နေကြရပါတယ်။ ဥပမာ ကိုယ့်အိမ်ထဲမှာနေရင်း အရင်းရှင်တွေအတွက် အလုပ်လုပ်နေရတဲ့ အလုပ်သမားတွေကို ကြည့်ပါ။ တခြားဥပမာတွေလည်း အများကြီးပါ။ အလုပ်သမားတွေဟာ အန်တုတိုက်ပွဲ မဆင်နိုင်သေးသရွေ့ သို့မဟုတ် အလုပ်ရှင်တွေရဲ့ ထင်သလို ပြုမူမှုတွေကို ကန့်သတ်တဲ့ ဥပဒေများရဲ့ကာကွယ်မှုကို မရသေးသရွေ့ကတော့ အရင်းရှင်စနစ်အောက်ရှိ လုပ်သားပြည်သူတွေအပေါ် ဖိနှိပ်မှုဟာ ကျေးကျွန်စနစ်အောက်မှာထက်တောင် ပြင်းထန်ပါသေးတယ်။ ဒီတော့ အလုပ်သမားတွေဟာ အဆုံးစွန်ဘဝအပျက်မခံနိုင်လို့ ရုန်းကန်တိုက်ပွဲဆင်မှုတွေ လုပ်လာကြတယ်။ အလုပ်သမားတဦးချင်းစီဆိုတာ လုံးဝစွမ်းအားမဲ့တယ်။ ခေနအရင်းရဲ့ ဖိနှိပ်မှုအောက်မှာ သူဟာ ဘဝပျက်မယ့်အန္တရာယ် အမြဲရှိတယ်ဆိုတာ အလုပ်သမားတွေ မြင်လာတာနဲ့အမျှ အလုပ်ရှင်တွေကို လက်တွဲအန်တုဆန့်ကျင်ကြပါတော့တယ်။ ဒီလိုနဲ့ အလုပ်သမားသပိတ်တွေ စပေါ်လာကြတာပါ။ အစပိုင်းမှာ





အဖွဲ့၊ သပိတ်ကော်မတီတွေ တည်ထောင်ရင်ရပြီ၊ လုံလောက်ပြီ ဆိုတာပါပဲ။ အလုပ်သမားလူတန်းစားတရပ်လုံး အခြေအနေသိသိသာသာ တိုးတက်ဖို့ သပိတ်တိုက်ပွဲနဲ့တင် လုံလောက်ပြီလို့ ထင်လာတတ်ကြတယ်။ တချို့ကတော့ အလုပ်သမားလူတန်းစား လုံးဝလွတ်မြောက်ရေးအတွက်တောင် သပိတ်တိုက်ပွဲနဲ့တင် လုံလောက်ပြီလို့ ယူဆကြတာ ရှိပါတယ်။ စည်းလုံးမိလာတဲ့ အလုပ်သမားထုကို မပြောနဲ့ဦး။ သေးငယ်တဲ့ သပိတ်တိုက်ပွဲကလေး တခုမှာတောင် ကြီးမားလှတဲ့ အင်အားရှိတယ်ဆိုတာ တွေ့မြင်ကြရတဲ့အခါမှာ တချို့က ဒီလိုထင်လာပါတယ်။ တနိုင်ငံလုံးမှာ အထွေထွေသပိတ်ကြီးဖြစ်အောင် စည်းရုံးလှုပ်ရှားဖို့ပဲ လိုတယ်။ ဒါလုပ်နိုင်ရင် အရင်းရှင်တွေနဲ့ အစိုးရဆီက အလုပ်သမားတွေ လိုတာအကုန်ရပြီလို့ ထင်လာပါတယ်။ ဒီလိုစဉ်းစားနည်းမျိုးဟာ တခြားနိုင်ငံများမှာလည်း အလုပ်သမားလှုပ်ရှားမှု စောစောပိုင်းကာလ၊ အတွေ့အကြုံနုနယ်သေးတဲ့ အချိန်မှာ ပေါ်ခဲ့ဖူးပါတယ်။ ဒါဟာ မှားယွင်းတဲ့ စဉ်းစားနည်း ဖြစ်ပါတယ်။ သပိတ်တိုက်ပွဲဆိုတာ အလုပ်သမားလူတန်းစား လွတ်မြောက်ရေး တိုက်ပွဲနည်းနာများထဲက နည်းတနည်းသာ ဖြစ်ပါတယ်။ တခုတည်းသောနည်းနာ မဟုတ်ပါဘူး။ တခြားတိုက်ပွဲနည်းနာတွေကို အလေးမထားရင် အလုပ်သမားလူတန်းစားရဲ့ ဖွံ့ဖြိုးမှုနဲ့အောင်မြင်မှုတွေအတွက် အတားအဆီးဖြစ်လာမှာပါပဲ။ အလုပ်သမားတွေ သပိတ်မှောက်ဖို့ဆိုတာ ရန်ပုံငွေရှိထားရပါတယ်။ သပိတ်ကာလအတွင်း သုံးဖို့စားဖို့ပါ။ ဒီလိုရှိထားမှလည်း သပိတ် နိုင်တာပါ။ (အများအားဖြင့် စက်မှုကဏ္ဍအသီးသီး၊ လုပ်ငန်းအသီးသီး၊ စက်ရုံအသီးသီးက) အလုပ်သမားတွေဟာ ရန်ပုံငွေအဖွဲ့ဖွဲ့ထားတာ တိုင်းပြည်တိုင်းမှာ ရှိကြတာပါပဲ။ ကျွန်တော်တို့ ရုရှားမှာတော့ ဒီလိုလုပ်ဖို့ အထူးကို ခက်ခဲပါတယ်။ ပုလိပ်က ထောက်လှမ်းနေပြီး တွေ့ရင်ငွေကိုသိမ်း၊ လူကို ဖမ်းတတ်လို့ပါ။ လူဖမ်းတာကတော့ ရှောင်နေလို့ရလို့ ထားပါတော့။ ရန်ပုံငွေကိစ္စက အရေးကြီးပါတယ်။ ဒါကြောင့် ရန်ပုံငွေအဖွဲ့တွေ မထူထောင်ကြပါနဲ့လို့တော့ အကြံမပေးလိုပါ။ ဒါပေမဲ့ အလုပ်သမားရန်ပုံငွေအဖွဲ့တွေကို ဥပဒေကတားမြစ်ထားပြီဆိုရင် ရန်ပုံငွေထည့်မယ့် လူတွေများလိမ့်မယ်လို့ မျှော်လင့်

www.burmeseclassic.com



ကြောက်ပါတယ်။ ဖြစ်လာရင်လည်း တတ်နိုင်သမျှ မြန်မြန်အဆုံးသတ်အောင် နည်းမျိုးစုံနဲ့ နှိမ်နင်းတော့တာပါပဲ။ ဆိုရှယ်လစ်တွေနဲ့ လူတန်းစားအသိ နိုးကြားတဲ့ အလုပ်သမားများကို အမြဲနှိပ်စက်လွန်းလို့ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ ဂျာမဏီနိုင်ငံ ပြည်ထဲရေးဝန်ကြီးတယောက်က ပြည်သူ့ကိုယ်စားလှယ်များကို ပြောဖူးတာကို ကြည့်ပါ။ "သပိတ်တိုက်ပွဲတိုင်းရဲ့ နောက်ကွယ်မှာ တော်လှန်ရေးဆိုတဲ့ မကောင်းဆိုးဝါးကောင်ကြီး ကပ်ပါနေတယ်" တဲ့။ အစိုးရဟာ သူတို့ရဲ့ရန်သူ ဖြစ်တယ်။ ပြည်သူ့အခွင့်အရေးများ ရရှိရေးအတွက် အလုပ်သမားလူတန်းစားအဖို့ အစိုးရနဲ့ တိုက်ပွဲဆင်ဖို့ ပြင်ထားရမယ်ဆိုတာ အလုပ်သမားတွေ သိကြတယ်။ ဒီအသိဟာ သပိတ်ဖြစ်ပေါ်တိုင်း ပိုမိုခိုင်မာနက်ရှိုင်းလာတယ်။

ဒါကြောင့် သပိတ်တိုက်ပွဲများက အလုပ်သမားများကို စည်းလုံးညီညွတ်တတ်လာအောင် သင်ကြားပေးပါတယ်။ သူတို့ စည်းလုံးညီညွတ်မှသာ အရင်းရှင်တွေနဲ့ တိုက်ပွဲဆင်နိုင်မှာဖြစ်ကြောင်း ထင်ရှားစေပါတယ်။ အလုပ်သမားလူတန်းစားတရပ်လုံး အနေနဲ့ စက်ရုံပိုင်ရှင်လူတန်းစားတရပ်လုံးအပေါ် တိုက်ပွဲဆင်ရေးကိစ္စ၊ ထင်သလိုချုပ်ချယ်နေတဲ့ အစိုးရအပေါ် တိုက်ပွဲဆင်ရေးကိစ္စများကို စဉ်းစားကြဖို့ သပိတ်တိုက်ပွဲများက အလုပ်သမားတွေကို သင်ကြားပေး နေပါတယ်။ ဒါကြောင့် ဆိုရှယ်လစ်တွေက သပိတ်တွေကို "စစ်ကျောင်းတော်ကြီး" လို့ တင်စားခေါ်ဝေါ်ကြတာပါ။ အစိုးရအရာရှိတွေရဲ့ ထမ်းပိုးအောက်က အရင်းရဲ့ထမ်းပိုးအောက်က ပြည်သူတရပ်လုံး၊ လုပ်အားစိုက်ထုတ်သူအားလုံး လွတ်မြောက်ရေးအရေးတော်ပုံအတွက် ရန်သူများနဲ့ ဘယ်လိုစစ်ဆင်ရမယ်ဆိုတာကို ဒီကျောင်းတော်ကြီးမှာ အလုပ်သမားတွေ သင်ယူကြပါတယ်။

ဒါပေမဲ့ "စစ်ကျောင်းတော်ကြီး" ဆိုတာ စစ်ပွဲစစ်စစ်တော့ မဟုတ်ပါ။ အလုပ်သမားတွေသပိတ်တွေ အကျယ်အပြန့် ပေါက်ဖွားလာတဲ့ အချိန်မျိုးမှာ ဆိုရှယ်လစ်အချို့အပါအဝင် အလုပ်သမားတချို့ ယုံကြည်လာတတ်ကြတာကတော့ အလုပ်သမားလူတန်းစားအဖို့က သပိတ်တွေမှောက်၊ သပိတ်ရန်ပုံငွေ





သပိတ်မှောက် အလုပ်သမားတွေဟာ တိုက်ပွဲပန်းတိုင်ကို မမြင်ကြတာ များပါတယ်။ ဘာကြောင့် တိုက်ပွဲဆင်ရသလဲဆိုတဲ့ အသိစိတ်ဓာတ်လည်း ချို့တဲ့နေကြသေးလို့ပါ။ ဒါကြောင့် စက်ပစ္စည်းတွေ ရိုက်ချိုး၊ စက်ရုံတွေကို ဖျက်ဆီးဖို့လောက်ပဲ သိကြပါတယ်။ သူတို့ဒေါသတွေကို စက်ရုံပိုင်ရှင်တွေသိအောင် ပြချင်တာလောက်ပါပဲ။ မခံနိုင်လောက်အောင် ဆိုးဝါးတဲ့အခြေအနေကနေ ရုန်းထွက်ဖို့ သူတို့ရဲ့ စုပေါင်းအင်အားကို စမ်းသပ်သုံးကြည့်နေတဲ့သဘောလောက်ပါပဲ။ မိမိတို့အခြေအနေ ဘာလို့ဒီလောက်တောင် ဆိုးဝါးနေသလဲ၊ ဘာအတွက် တိုက်ပွဲဆင်သင့်သလဲဆိုတာ နားမလည်ကြသေးလို့ပါ။

နိုင်ငံတိုင်းမှာ အလုပ်သားတွေရဲ့ဒေါသဆိုတာ ဟိုတစဒီတစ အန်တုမှု အသွင်နဲ့ စတင်ဖော်ပြကြတာချည်းပါပဲ။ ရုရှားက ပုလိပ်နဲ့ စက်ရုံပိုင်ရှင်တွေကတော့ ဒါမျိုးကို "ဆူပူမှု" များလို့ ခေါ်ဝေါ်ကြပါတယ်။ နိုင်ငံတိုင်းမှာ အဲဒီလို ဟိုတစဒီတစ အန်တုမှုများကတဆင့် အနည်းနဲ့အများ ငြိမ်းချမ်းစွာဆင်နွှဲတဲ့ သပိတ်များ ဖြစ်ပေါ်တာရှိသလို၊ အလုပ်သမားလူတန်းစား လွတ်မြောက်ရေး အထွေထွေတိုက်ပွဲကြီး ဖြစ်ပေါ်တာလည်း ရှိတတ်ပါတယ်။

အလုပ်သမားသပိတ်မှောက်မှုများ (သို့မဟုတ် အလုပ်ရပ်ဆိုင်းမှုများ) ဟာ အလုပ်သမားလူတန်းစားရဲ့ တိုက်ပွဲအတွက် ဘာများအရေးကြီးပါသလဲ။ ဒီမေးခွန်းကို ဖြေဆိုဖို့ဆိုရင် သပိတ်တိုက်ပွဲအကြောင်း ပြည့်ပြည့်စုံစုံပြောပြဦးမှ ဖြစ်ပါမယ်။ အလုပ်သမားရဲ့လုပ်ခဆိုတာ အလုပ်ရှင်နဲ့အလုပ်သမားကြားသဘောတူဆုံးဖြတ်တာပါ။ အလုပ်ရှင် လုပ်ခမလျှော့စေဖို့ သို့မဟုတ် တိုးပေးစေဖို့ အလုပ်သမားတယောက်ချင်းအနေနဲ့ လုံးဝပြောအား၊ တွန်းဆော်အား ရှိတာမဟုတ်ဘူး။ ဒါကြောင့် အလုပ်သမားတွေ လက်တွဲပူးပေါင်းပြီး မိမိတို့လိုလားချက်တွေ တောင်းဆိုကြမှ ဖြစ်မယ်ဆိုတာ ထင်ရှားပါတယ်။ သပိတ်တိုက်ပွဲတွေ ဆင်နွှဲကြရတော့မှာ ဖြစ်ပါတယ်။ အရင်းရှင်စနစ်ကျင့်သုံးတဲ့ နိုင်ငံတိုင်းမှာ အလုပ်သမားသပိတ်ဆိုတာ ပေါ်ပေါက်စမြဲပါပဲ။ ဥရောပနိုင်ငံတွေမှာပဲဖြစ်ဖြစ်၊ အမေရိကန်မှာပဲဖြစ်ဖြစ် မိမိတို့ မညီညွတ်ရင် ဘာအင်အားစွမ်းပကားမှ မရှိဘူးဆိုတာ အလုပ်သမားတွေ ခံစားသိရှိကြတယ်။ အလုပ်ရှင်များကို အန်တု



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် အချင်းချင်း လက်တွဲပြီး သပိတ်မှောက်ဖို့၊ သပိတ်နဲ့ဖိအားပေးဖို့ ကလွဲလို့ တခြားနည်း မရှိပါ။ အရင်းရှင်စနစ် ဖွံ့ဖြိုးလာတာနဲ့အမျှ၊ စက်ရုံကြီးတွေ အလျင်အမြန် ပေါ်ပေါက်လာတာနဲ့အမျှ၊ အရင်းရှင်ကလေးတွေကို အရင်းရှင်ကြီးတွေက ဖယ်ထုတ်လာတာနဲ့အမျှ အလုပ်သမားတွေ စုပေါင်းခုခံရန်းကန်ဖို့ ပိုမိုအရေးတကြီးလိုအပ်လာပါတယ်။ ဘာလို့လဲဆိုတော့ အလုပ်လက်မဲ့တွေ တိုးပွားလာလို့။ (လုပ်ခအနည်းဆုံးပေးပြီး) ကုန်ပစ္စည်းတွေ ဈေးအပေါဆုံး ထုတ်လုပ်နိုင်ရေးအတွက် အရင်းရှင်တွေအကြား ပြိုင်ဆိုင်မှုတွေ အသည်းအသန် ဖြစ်လာလို့။ နောက်ပြီး စက်မှုလုပ်ငန်းက မတည်မငြိမ်ဖြစ်လာ၊ စီးပွားရေး ကပ်တွေလည်း ပိုပြင်းထန်လာလို့ ဖြစ်ပါတယ်။ စက်ရုံပိုင်ရှင်တွေဆိုတာက စက်မှုလုပ်ငန်းတွေ ကြီးထွားဖြစ်ထွန်းနေချိန်မှာ အမြတ်အစွန်းတွေ အကြီးအကျယ် ရနေပေမယ့် အလုပ်သမားတွေကို ခွဲဝေခံစားစေဖို့ မစဉ်းစားကြပါဘူး။ ဒါပေမဲ့ အကျပ်အတည်းဆိုက်လာချိန်မှာတော့ ဆုံးရှုံးမှုတွေကို အလုပ်သမားတွေအပေါ် ပုံချကျခံစေဖို့ ကြိုးစားကြပါတယ်။ အရင်းရှင်စနစ်မှာ အလုပ်သမားသပိတ်တွေ ရှိနေဖို့လိုတယ်ဆိုတာ ဥရောပမှာ လူတိုင်းအသိအမှတ်ပြုလာရတဲ့အခြေအနေ ရောက်လာလို့ သပိတ်မှောက်တာကို ဥပဒေအရ မတားမြစ်တော့တာပါ။ ကျွန်တော်တို့ ရုရှားမှာပဲ ရက်စက်ကြမ်းကြုတ်လှတဲ့ သပိတ်နှိမ်ဥပဒေတွေ တည်မြဲနေသေးတာပါ။

သပိတ်တိုက်ပွဲဆိုတာ အရင်းရှင်လူ့အဖွဲ့အစည်းရဲ့ ပင်ကိုယ်လက္ခဏာ အရ ပေါ်ပေါက်လာတာပါ။ ဒါပေမဲ့ အရင်းရှင်စနစ်ကြီးကို အလုပ်သမားတွေ စတင်ဆန့်ကျင်တိုက်နေပြီဆိုတာကို သပိတ်တိုက်ပွဲတွေက ဖော်ပြနေတာလည်း ဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝတဲ့ အရင်းရှင်များကို ဓနမဲ့အလုပ်သမားများက တဦးချင်းစီပဲ ရင်ဆိုင်နေတယ်ဆိုရင် အလုပ်သမားတွေ လုံးဝကျွန်ပြုခံနေရတဲ့ အခြေအနေကို ပြသတာပါ။ ဒါပေမဲ့ ဓနမဲ့အလုပ်သမားတွေ သွေးစည်းညီညွတ်ကြတဲ့ အခါမှာတော့ အခြေအနေက မတူတော့ပါဘူး။ အရင်းရှင်တွေဟာ သူတို့ ပိုင်ဆိုင်တဲ့ အလုပ်ကိရိယာတွေ၊ ကုန်ကြမ်းတွေအပေါ် လုပ်အားစိုက်ထုတ်ပြီး ဓနဥစ္စာအသစ်တွေ တိုးပွားပေးဖို့ သဘောတူတဲ့ အလုပ်သမားကိုသာ





စစ်တပ်တွေ စက်ရုံကို ရောက်လာပါလေရော။ အလုပ်သမားတွေ ဥပဒေ ချိုးဖောက်တယ် ဖြစ်သွားပါလေရော။ အလုပ်ရှင်တွေ စုဝေးပြီး လုပ်ခတွေ ဘယ်လိုလျှော့ကြမယ်ဆိုတာ ဖြောင်ဆွေးနွေးဖို့ကျတော့ ဥပဒေက ခွင့်ပြုပါသတဲ့။ အလုပ်သမားတွေ စုဝေးဆွေးနွေးသဘောတူညီချက်တွေ ချရင်တော့ ဒါဟာ ရာဇဝတ်မှုတဲ့လေ။ ဒီလိုနဲ့ အာဏာပိုင်များက အလုပ်သမားတွေကို သူတို့ နေအိမ်က နှင်ထုတ်ကြပါလေရော။ အလုပ်သမားများ အကြွေးဝယ်ဝယ်စား နေတဲ့ ဆိုင်တွေကိုလည်း ပိတ်ပစ်တယ်။ အလုပ်သမားတွေက ငြိမ်းငြိမ်းချမ်းချမ်း ပြုမူနေတဲ့တိုင်အောင် သူတို့ကို ပစ်သတ်ချင်လာအောင် စစ်သားတွေကို ဆွပေး တတ်ကြတယ်။ ပစ်မိန့်တောင် ပေးထားတယ်။ လက်နက်မဲ့ အလုပ်သမား အုပ်ကြီး ထွက်ပြေးတာကို စစ်တပ်က နောက်ကနေ သေနတ်နဲ့ ပစ်ခတ် သတ်ဖြတ်တဲ့ အခါမှာ စစ်တပ်ကို ကျေးဇူးတင်ကြောင်း ဇာဘုရင်က သဝဏ်လွှာ ပို့တတ်ပါသေးတယ်။ (၁၈၉၅ ခုနှစ် ယာရိုစလပ်မြို့မှာ သပိတ်မှောက် အလုပ်သမားများကို စစ်တပ်က ပစ်သတ်တဲ့အခါတုန်းက ဇာဘုရင်က ဒီလိုပဲ ကျေးဇူး တင်လွှာ ပို့ခဲ့တာပါ။) ဇာအစိုးရဟာ အရင်းရှင်တွေကို အကာအကွယ် ပေးထားပြီး အလုပ်သမားတွေကိုတော့ ခြေလက်မလှုပ်နိုင်အောင် တုတ်နှောင် ထားတာဖြစ်တဲ့အတွက် အလုပ်သမားတိုင်းက အစိုးရကို အဆိုဝါးဆုံးရန်သူ အဖြစ် တနေ့တခြား ရှင်းရှင်းကြီးကြီး သိလာကြတယ်။ တရားဥပဒေဆိုတာ ချမ်းသာသူတွေ အကျိုးစီးပွားအတွက်ပဲ ရေးဆွဲသတ်မှတ်ထားတာပါလား။ အစိုးရအရာရှိတွေ ဆိုတာကလည်း ချမ်းသာသူတွေရဲ့ အကျိုးစီးပွားကို ကာကွယ်နေတာပါလား။ လုပ်သားပြည်သူတွေကျတော့ ပါးစပ်ပိတ်ခံထားရပြီး ကိုယ့်လိုလားချက်တွေ ထုတ်ဖော်ခွင့် မရကြပါကလား။ သပိတ်မှောက်ခွင့်၊ အလုပ်သမားသတင်းစာ ထုတ်ခွင့်၊ ဥပဒေတွေကို ရေးဆွဲကြီးကြပ်တဲ့ လွှတ်တော် ထဲမှာ ပါဝင်ခွင့်စတဲ့ အခွင့်အရေးတွေ ရရှိဖို့အတွက် မိမိတို့ကိုယ်တိုင် လုံးပန်း တိုက်ခိုက်ကြရမှာပါကလား ဆိုတာကို အလုပ်သမားများ နားလည်လာကြ ပါတယ်။ သပိတ်တိုက်ပွဲတွေက အလုပ်သမားတွေကို မျက်စိဖွင့်ပေးတတ်တယ် ဆိုတာ အစိုးရကလည်း သိပါတယ်။ ဒါကြောင့်ပဲ သပိတ်တွေဖြစ်မှာကို သိပ်



www.burmeseclassic.com

www.burmeseclassic.com



များစွာ ရရှိခဲ့ပြီးဖြစ်တဲ့ စက်ရုံပိုင်ရှင်ဟာ မဖြစ်စလောက်လုပ်အားခလေး တိုးပေးဖို့ တွန့်တိုတတ်ပြီး လုပ်ခကိုထပ်လျှော့ဖို့တောင် ကြိုးစားတတ်ပါတယ်။ အလုပ်သမားတွေဘက်က မကျေနပ်လို့ အန်တုလာရင်လည်း စက်ရုံပိုင်ရှင်ဟာ ထောင်ပေါင်းများစွာသော မိသားစုတွေကို ငတ်ပြတ်လမ်းပေါ်ရောက်အောင် စွန့်ပစ်တတ်ပါတယ်။ ဒါတွေကို တွေ့တွေ့နေရတဲ့အခါ အရင်းရှင်လူတန်းစား တရပ်လုံးဟာ အလုပ်သမားလူတန်းစားတရပ်လုံးရဲ့ ရန်သူပါကလား။ မိမိတို့ကိုယ်ကိုသာ အားကိုးပြီး တစည်းတလုံးတည်း တိုက်ပွဲဝင်မှ ဖြစ်မှာပါလားလို့ အလုပ်သမားတွေရဲ့စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း မြင်လာပါတယ်။ အတွေ့ရများတာကတော့ စက်ရုံပိုင်ရှင်ဟာ အလုပ်သမားတွေကို လှည့်ဖြားဖို့၊ သူ့ကိုယ်သူ ကျေးဇူးရှင်ပုံစံဖမ်းဖို့ အတတ်နိုင်ဆုံးကြိုးစားတတ်ပါတယ်။ အပေးအယူနည်းနည်းပါးပါးလုပ်၊ ညာတာပါတေး ကတိတွေပေးပြီး အလုပ်သမားတွေအပေါ် သွေးစုပ်နေတဲ့အချက်ကို ဖုံးကွယ်ဖို့ ကြိုးစားတတ်ပါတယ်။ သပိတ်တိုက်ပွဲ ဖြစ်လိုက်တာနဲ့ ဒီလိမ်ညာဖုံးကွယ်မှုတွေကို ချက်ချင်းပွင့်ကျစေတာချည်းပါပဲ။ မိမိတို့ရဲ့ "ကျေးဇူးရှင်" ဆိုသူဟာ သိုးရေခြုံထားတဲ့ ဝံပုလွေကြီးပါလားလို့ အလုပ်သမားတွေ မြင်လိုက်ကြတာချည်းပါပဲ။

သပိတ်တိုက်ပွဲတွေကြောင့် အလုပ်သမားတွေဟာ အရင်းရှင်များရဲ့ သဘာဝကို တွေ့မြင်လာရရုံမက အစိုးရနဲ့ဥပဒေတွေရဲ့ သဘောသဘာဝကိုပါ တွေ့မြင်လာရပါတယ်။ စက်ရုံပိုင်ရှင်တွေက ငါတို့ဟာ အလုပ်သမားတွေရဲ့ ကျေးဇူးရှင်တွေပဲဆိုတဲ့ ပုံစံဖမ်းဖို့ ကြိုးစားသလိုပဲ၊ အစိုးရအရာရှိမင်းများနဲ့ သူတို့နောက်လိုက်တွေကလည်း ဇာဘုရင်နဲ့ဇာအစိုးရဟာ စက်ရုံပိုင်ရှင် အကျိုးရော၊ အလုပ်သမားအကျိုးပါ ဘက်မလိုက်ဘဲ လိုလားတယ်ဆိုတာ အလုပ်သမားတွေကို အယုံသွင်းကြတာပါပဲ။ အလုပ်သမားဆိုတာက ဥပဒေတွေဘာတွေ နားလည်တာလည်း မဟုတ်။ အစိုးရအရာရှိတွေ၊ အထူးသဖြင့် အရာရှိကြီးတွေနဲ့ အဆက်အဆံရှိတာလည်းမဟုတ်တော့ သူတို့ပြောသမျှ ယုံလိုက်ကြတာ များပါတယ်။ ဟော အလုပ်သမားသပိတ် ဖြစ်လာပါပြီတဲ့။ သက်ဆိုင်ရာ အစိုးရအုပ်ချုပ်ရေးမှူးတွေ၊ စက်ရုံစစ်ဆေးရေးမှူးတွေ၊ ပုလိပ်တွေ၊





ရှာမတွေ့ပါက ဘယ်လိုနေညစ္စာမှ အရင်းရှင်တွေအဖို့ အကျိုးမဖြစ်ထွန်းစေပါဘူး။ အလုပ်သမားတွေဟာ အရင်းရှင်တွေနဲ့ တဦးချင်းသီးသန့်စီပဲ ဆက်ဆံပတ်သက်နေနေရသရွေ့တော့ ရေမရောတဲ့ကျေးကျွန်တွေ ဖြစ်မြဲဖြစ်နေတာပါပဲ။ ထမင်းတလုတ်စားရဖို့အရေး သူတပါး အမြတ်ထွက်အောင် မရပ်မနား အလုပ်လုပ်နေကြရတဲ့ဘဝ၊ ထာဝစဉ်ကျိုးနွံနေရတဲ့ အခစားကျေးကျွန်ဘဝအဖြစ်နဲ့ပဲ နေကြရမှာပါ။ ဒါပေမဲ့ အချင်းချင်းလက်တွဲပြီး မိမိတို့လိုလားချက်တွေကို ဖော်ထုတ်၊ ငွေရှင်ကြေးရှင်တွေကို အညံ့ခံဖို့ ငြင်းဆိုလိုက်တဲ့ အခါမှာတော့ အလုပ်သမားတွေဟာ ကျေးကျွန်တွေ မဟုတ်တော့ဘဲ တကယ့်လူသားတွေ ဖြစ်လာပါပြီ။ သူတို့လုပ်တဲ့အလုပ်ဟာ လက်တဆုပ်စာ ကပ်ပါးကောင်တွေ ချမ်းသာစေဖို့သက်သက်မျှမဟုတ်၊ အလုပ်လုပ်သူတွေ လူလိုသူလိုနေနိုင်စေဖို့ အတွက်လည်း ဖြစ်သင့်ကြောင်း တောင်းဆိုလာကြပြီ၊ ကျေးကျွန်တွေဟာ အရှင်သခင်ဖြစ်လိုကြောင်း၊ မြေရှင်အရင်းရှင်တွေအလိုဆန္ဒအတိုင်း မဟုတ်ဘဲ အလုပ်လုပ်သူတွေ ပင်ကိုယ်ဆန္ဒအတိုင်းသာ နေထိုင်လုပ်ကိုင်သွားလိုကြောင်း တင်ပြတောင်းဆိုလာတဲ့သဘောတွေပါ။ ဒါကြောင့် သပိတ်တိုက်ပွဲတွေဟာ အမြဲပဲ အရင်းရှင်တွေရဲ့စိတ်ထဲကို ကြောက်စိတ်သွင်းပေးပါတယ်။ အရင်းရှင်တွေရဲ့ ကြီးစိုးမှုကို ကိုင်လှုပ်လိုက်တာကြောင့်ပါပဲ။ အလုပ်သမားလူတန်းစားအကြောင်း ဖွဲ့ထားတဲ့ ဂျာမန်အလုပ်သမားသီချင်း တပုဒ်ထဲကလို "စွမ်းအားကြီးတဲ့ သင်တို့လက်တွေက စေခိုင်းရင် လည်နေတဲ့ဘီးတွေအားလုံး ရပ်ဆိုင်းကုန်မှာပါ"။ တကယ့်လက်တွေ့မှာလည်း ဒီလိုပါပဲ။ စက်ရုံတွေ၊ မြေရှင်ရဲ့လယ်တွေ၊ စက်တွေ၊ ရထားလမ်းတွေစတဲ့ အရာအားလုံးဟာ စက်ယန္တရားကြီးတခုရဲ့ ဘီးတွေလိုပါပဲ။ ဒီယန္တရားကြီးဟာ ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်တယ်။ အချောကိုင်တယ်။ လိုရာဒေသရောက်အောင် ပို့ပေးတယ်။ ဒီယန္တရားကြီးကို လည်ပတ်ပေးနေတာက အလုပ်သမားတွေပါ။ ဥပမာ မြေကို ထွန်ယက်တယ်။ သတ္တုတွေ ထုတ်တယ်။ စက်ရုံတွေထဲမှာ ကုန်ပစ္စည်းတွေ ထုတ်လုပ်တယ်။ အိမ်တွေ၊ စက်ခန်းတွေ၊ ရထားလမ်းတွေ ဆောက်တယ်။ အလုပ်သမားတွေ အလုပ်လုပ်ဖို့ ငြင်းဆန်လိုက်တာနဲ့ ဒီယန္တရားကြီး တခုလုံး ရပ်ဆိုင်းသွားတော့မှာပါပဲ။ သပိတ်တိုက်ပွဲတိုင်းက



www.burmeseclassic.com

www.burmeseclassic.com



အရင်းရှင်တွေကို စိတ်ထဲမှာ တကယ့်အရှင်သခင်က ငါတို့ မဟုတ်ပါကလား၊ သူတို့ရဲ့ အခွင့်အရေးတွေကို ကျယ်ကျယ်လောင်လောင် ပြောလာနေတဲ့ အလုပ်သမားတွေသာ တကယ့်အရှင်သခင်တွေပါလားဆိုတာ သတိရစေတယ်။ သပိတ်တိုက်ပွဲတိုင်းက အလုပ်သမားတွေကို စိတ်ထဲမှာ ငါတို့ရဲ့ အနေအထားက မျှော်လင့်ချက်မဟုတ်ပါလား၊ ငါတို့လို ဘဝတူတွေ အများကြီးပါလား ဆိုတာကိုလည်း သတိရစေပါတယ်။ သပိတ်တိုက်ပွဲများက သပိတ်တပ်သားများ ကိုယ်တိုင်အပေါ်ရော အနီးအနားက စက်ရုံတွေ သို့မဟုတ် ကဏ္ဍတူ စက်ရုံတွေရဲ့ အလုပ်သမားများအပေါ်မှာပါ ကြီးမားစွာ ဂယက်ရိုက်တာကို ကြည့်ပါ။ သာမန် ငြိမ်းချမ်းချိန်တွေမှာ အလုပ်သမားဟာ ဘာမှပြောမနေဘဲ သူ့အလုပ်သူလုပ်နေတာပါပဲ။ အလုပ်ရှင်နဲ့လည်း အတိုက်အခံ လုပ်မနေပါဘူး။ သူ့ဘဝအခြေအနေ အကြောင်းလည်း ပြောမနေပါဘူး။ သပိတ်တိုက်ပွဲကာလတွေမှာတော့ သူ့လိုလားချက်တွေ အသံကျယ်ကျယ် ပြောလာပါတယ်။ အလုပ်ရှင်တွေကိုလည်း သူခံစားခဲ့ရတဲ့ မတရားမှုတွေကို ပြန်ပြောလာပါတယ်။ သူဟာ သူ့တဦးချင်းဘဝ၊ သူ့လုပ်ခအကြောင်းလောက်ပဲ စဉ်းစားနေတာ မဟုတ်တော့ဘဲ သူ့လိုပဲ အလုပ်ကိရိယာတွေဘေးချကာ အလုပ်သမားအရေးအတွက် သူနဲ့အတူ အခက်အခဲမကြောက်ဘဲ တိုက်ပွဲဝင်ကြတဲ့ သူ့လုပ်ဖော်ကိုင်ဖက်အားလုံး အကြောင်းကိုပါ စဉ်းစားပါတယ်။ သပိတ်တိုက်ပွဲတိုင်းမှာ အလုပ်သမားများဟာ အခက်အခဲတွေ အများကြီး ရင်ဆိုင်ကြရတတ်ပါတယ်။ စစ်ပွဲကြီးတွေ အတွင်းမှာသာ တွေ့ရတတ်တဲ့ မိသားစုငတ်ပြတ်မှု၊ အလုပ်ပြုတ်မှု၊ မကြာခဏ အဖမ်းအဆီးခံရမှု၊ ကိုယ့်အိမ်ကိုယ့်အလုပ်ရှိရာကနေ ထွက်ခွာရမှုစတဲ့ ကြောက်မက်ဖွယ် အခက်အခဲတွေနဲ့ ရင်ဆိုင်ရတတ်ပါတယ်။ ဒီလို ဒုက္ခတွေ ဘယ်လောက်ပဲ များပါစေ။ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေကို စွန့်ခွာပြီး အလုပ်ရှင်များနဲ့ အပေးအယူလုပ်သွားကြသူတွေကိုတော့ သူတို့အထင်သေးကြပါတယ်။ သပိတ်ဆိုတာ အခက်အခဲ ဘယ်လောက်ပဲများများ တွေ့ရပါစေ၊ သပိတ်ပေါ်လာရင် အနီးအနားက စက်ရုံအလုပ်သမားတွေဟာလည်း ကိုယ်လိုဘဝတူတွေ တိုက်ပွဲဝင်နေကြတာ တွေ့ရတာနဲ့ သတ္တိတွေ ကိန်းအောင်းလာပါတယ်။ “နေရှင်တယောက်





ကို ဦးချိုးဖို့အတွက် ဒုက္ခအများကြီးတောင့်ခံနိုင်သူများဟာ နေရှင်လူတန်းစား တရပ်လုံးရဲ့ ဩဇာအာဏာကိုလည်း ရိုက်ချိုးနိုင်ကြမှာပါ” လို့ ဆိုရှယ်လစ် သဘောတရားဆရာကြီး အိန်ဂယ်က အင်္ဂလိပ်အလုပ်သမား သပိတ်များ အကြောင်း ဆွေးနွေးရင်း ပြောခဲ့ဖူးပါတယ်။ စက်ရုံတခုခုက သပိတ်စမှောက်လိုက်တာနဲ့ ကျန်တဲ့စက်ရုံတွေ အများကြီးမှာ သပိတ်တွေ ချက်ချင်းလိုက်မှောက်တာ ဖြစ်လေ့ရှိပါတယ်။ သပိတ်တိုက်ပွဲတွေရဲ့ စိတ်ဓာတ်ရေးရာ လွှမ်းမိုးနိုင်စွမ်းက ကြီးမားလှပါကလား။ ကျန်အလုပ်သမားတွေအနေနဲ့ ကိုယ်လိုဘဝတူရဲဘော်တွေ ကျေးကျွန်အဖြစ် မနေကြတော့ဘဲ လူချမ်းသာတွေနဲ့ ရင်ဘောင်တန်း ထရပ်ပြလိုက်တာ တွေ့ရတဲ့အခါ အကြီးအကျယ် အားတက်ကြရပါကလား။ သပိတ်တိုက်ပွဲတိုင်းက အလုပ်သမားတွေဟာ ဆိုရှယ်လစ်စနစ်အကြောင်း မစဉ်းစားချင်လည်း စဉ်းစားလာမိကြပါတယ်။ နေအရင်းရဲ့ ဖိနှိပ်မှုအောက်က လွတ်မြောက်ရေးအတွက် ဆင်နွှဲတဲ့ အလုပ်သမားလူတန်းစား တရပ်လုံးရဲ့ တိုက်ပွဲအကြောင်းလည်း မတွေးချင်လည်း တွေးလာမိကြပါတယ်။ ဖြစ်လေ့ရှိတာကတော့ သပိတ်ကြီးကြီး မဖြစ်ပွားခင်မှာ စက်ရုံတခုခု၊ စက်မှုကဏ္ဍ တခုခု သို့မဟုတ် မြို့တမြို့ရဲ့ အလုပ်သမားတွေဟာ ဆိုရှယ်လစ်စနစ်အကြောင်း မသိသလောက်၊ မစဉ်းစားမိခဲ့သလောက်ပါပဲ။ ဒါပေမဲ့ သပိတ်ကြီးအပြီးမှာ အလုပ်သမားတွေကြားမှာ အစုအဖွဲ့လေးတွေ အလျှိုလျှို ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာပြီး ဆိုရှယ်လစ်ဖြစ်လာတဲ့ အလုပ်သမားတွေ များပြားလာတတ်ပါတယ်။

အလုပ်ရှင်တွေရဲ့ အင်အားက ဘယ်ကလာသလဲ။ အလုပ်သမားတွေရဲ့အင်အားက ဘယ်ကလာသလဲဆိုတာ အလုပ်သမားတွေ သဘောပေါက်အောင် သပိတ်တိုက်ပွဲက သင်ကြားပေးပါတယ်။ ကိုယ့်အလုပ်ရှင်အကြောင်းလောက်ပဲ စဉ်းစားမနေဖို့၊ ကိုယ့်ဘေးက လုပ်ဖော်တွေအကြောင်းလောက်ပဲ စဉ်းစားမနေဖို့၊ အလုပ်ရှင်အားလုံး၊ အရင်းရှင်လူတန်းစားတရပ်လုံး၊ အလုပ်သမားလူတန်းစားတရပ်လုံး အကြောင်းပါ စဉ်းစားကြဖို့ သင်ကြားပေးပါတယ်။ အလုပ်သမားမျိုးဆက်ပေါင်းများစွာတို့ရဲ့ လုပ်အားအပေါ်က အမြတ်သန်းပေါင်း



www.burmeseclassic.com